ချောင်းခြားကျေးရွာ

နားလင်း(ပကင်း)အုပ်စု

ပြင်ဦးလွင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ချောင်းခြားကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ မေ လ

# မာတိကာ


| ခေါင်းစဉ် | စာမျက်နှာ |
|---|---|
| မာတိကာ | ခ |
| စကားချီး | ၁ |
| တောင်ကျွန်းကျေးရွာ၊ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ပြင်ဦးလွင်မြို့နယ် | ၃ |
| **အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | **၄** |
| (၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၄ |
| (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် | ၄ |
| (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၅ |
| (၂) ကျေးရွာ၏ တည်နေရာ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၆ |
| (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား | ၆ |
| (ခ) သဘာဝအရင်းအမြစ်များ | ၆ |
| (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | ၆ |
| (က) လူဦးရေဆိုင်ရာအချက်လက်များ | ၆ |
| (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | ၆ |
| (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | ၇ |
| (ဃ) ကျန်းမာရေး နှင့် အာဟာရ | ၇ |
| (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ | ၇ |
| (စ) ကျားမဆိုင်ရာ ဆက်နွယ်မှု | ၇ |
| (၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၈ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | ၈ |
| (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | ၈ |
| (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၉ |
| (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | ၉ |
| (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉ |
| (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၀ |
| (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | ၁၀ |
| (ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမှီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | ၁၁ |
| (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | ၁၁ |

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၁
(ဖ) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၂
(ဂ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၁၃
(ဃ) ဦးစားပေးစီမံချက်များနှင့်် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၄
(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၁၄
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ၁၄
(ဂ) ဦးစားပေး စီမံချက်များ ၁၆
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၁၇
(င) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၁၈
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၁၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၁၉
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း ၁၉
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၀
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၀
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၁
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၁
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၂
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၂၃
(ဃ) ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ၂၄

**ကိုးကားစာရင်း**

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၃၆
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၃၆

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များ နှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်းရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင်အတွင်းပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း (၂) ပိုင်းပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို

အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၈ ခုနှစ်၊ မေ လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ချောင်းခြားကျေးရွာ၊ပြင်ဦးလွင်မြို့နယ်။

# ချောင်းခြားကျေးရွာအခြေပြမြေပုံ၊ ပြင်ဦးလွင်မြို့နယ်



**အပိုင်း က**

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်**

**(၁) နိဒါန်း**

**(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။** ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲ အကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်း အချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက် များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**(၂) ကျေးရွာ၏ တည်နေရာ၊ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင် အနေအထား။** ။ ချောင်းခြားကျေးရွာသည် နားလင်း(ပကင်း) ကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့နယ်တွင် ပါဝင်ပါသည်။ ပြင်ဦးလွင်မြို့နယ်၏ အရှေ့ဘက်၊ (၁၂)မိုင်ခန့် အကွာအဝေးတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ဟိုလိပ်၊ နားကူး၊ ဘန်းသာ ကျေးရွာများ၊ အနောက်ဘက်တွင် သရက်ပင်အင်းကျေးရွာ၊ မြောက်ဘက်တွင် ကျိုင်းတောင်းကျေးရွာနှင့် တောင်ဘက်တွင် သရက်ချောင်ကျေးရွာတို့ရှိပါသည်။ သမပိုင်းဇုံတွင် ပါဝင်ပြီး တောင်ပေါ်ဒေသ တွင် တည်ရှိပါသည်။

**(ခ) သဘာဝအရင်းအမြစ်များ။** ။ မြေဆီဩဇာကောင်းမွန်သော တောင်ယာမြေများ ပေါကြွယ်ဝပါသည်။ ရေသွင်းမြောင်းနှင့်ချောင်းရေမှ စိုက်ပျိုးရေရရှိစိုက်ပျိုးနိုင်ပါသည်။ စပါး နှင့် ပြောင်းစသည့် သီးနှံများ ကောင်းစွာ ဖြစ်ထွန်းအောင်မြင်ပါသည်။ မအူပင် ၊ သရက်၊ မန်ကျည်း၊ ရင့်ဂူ၊ ကြွက်စာ စသော သစ်ပင်များ ပေါများ၍ လောင်စာထင်းအဖြစ်အသုံးပြုနိုင်ပါသည်။ ထိကရုံး၊ ရှားစောင်းလက်ပတ်၊ဇီယာ၊ ဆင်တုံးမန္တယ် စသော ဆေးဖက်ဝင်အပင်များ လည်းတွေ့ရပါသည်။ မြက်၊ မြေဇာ ၊ ကောက်ရိုးစသော နွားစာ ပေါများပါသည်။

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာအကြောင်းအရာများ။** ။ ကျေးရွာတွင် အိမ်ထောင်စု (၅၄) ရှိပါသည်။ အမျိုးသားစုစုပေါင်း (၈၉) ဦးနှင့် အမျိုးသမီးစုစုပေါင်း (၉၁) ဦးရှိပြီး၊စုစုပေါင်းလူဦးရေ (၁၈၀) ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင်ပျမ်းမျှ (၃.၃%) ဦးနှုန်းနေထိုင်ကြ၍ တိုင်းပြည်၏ ပျမ်းမျှတစ်အိမ်ထောင်စုလူဦးရေထက် အလွန်နည်းပါးသည်ကို တွေ့ရပါသည်။ နို့စို့အရွယ်ကလေးသူငယ် (၅) ဦးရှိပါသည်။ အများစုသောလူဦးရေ (၇၀%) သည် ၁၅နှစ်နှင့် ၆၄ နှစ်အကြား အလုပ်လုပ်နိုင်သော အရွယ်များဖြစ်၍ လုပ်သားအင်အားပေါများပါသည်။ ၆၅နှစ်အထက် သက်ကြီးရွယ်အို အရွယ်သည် စုစုပေါင်းလူဦးရေ၏ ၆% ရှိပါသည်။ ၅နှစ်မှ ၉နှစ်အကြား၊ မူလတန်း ကျောင်းသားအရွယ် (၉%)၊ ၁၀နှစ်မှ ၁၄နှစ်အကြား အလယ်တန်းကျောင်းသားအရွယ် (၅%) ရှိပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု။** ။ ချောင်းခြားကျေးရွာသည် တောင်ယာစိုက်ပျိုးရေးကို အဓိကအသက်မွေးဝမ်းကျောင်းပြုလုပ်ကြပါသည်။ တောင်သူလယ်သမား (၅၄) အိမ်ထောင်စုရှိပါ သည်။ တစ်ရွာလုံးသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုသာ အဓိကထား လုပ်ကိုင်သည်ကိုတွေ့ရပါသည်။ အငှားလုပ်ခြင်း၊ အရောင်းအဝယ်၊ ပို့ဆောင်ရေးလုပ်ငန်းများ စသည့်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်းများကိုလည်း မိသားစုအုပ်ဝင်ငွေ အတွက် မွေးမြူကြပါသည်။ ကျေးရွာတွင် မြေယာမဲ့ (၂%) အိမ်ထောင်စုနှင့် ၂.၅ဧကက အောက် ဆင်းရဲသားတောင်သူ အိမ်ထောင်စု(၉%) ရှိပါသည်။ ၂.၅ဧကထက်ပိုင်ဆိုင်သော တောင်သူ ငယ် နှင့် တောင်သူလတ်သည် (၇၂%) ဦးရှိပါသည်။ ၁၂.၅ဧက အထက်ပိုင်ဆိုင်သော တောင်သူကြီးသည် (၁၇%)ရှိပြီး မြေယာမဲ့အိမ်ထောင်စု အနည်းငယ်ရှိသည်ကို တွေ့ရပါ သည်။

**(ဂ) ဆင်းရဲမွဲတေမှု၊ ထိခိုက်လွယ်မှုအခြေအနေ။ ။** ကျေးရွာသည် မပြေလည်သောအိမ်ထောင်စု (၁၅)စု ရှိပြီး၊ အလွန်မပြေလည်သောအိမ်ထောင်စု (၇) အိမ်ထောင်စုရှိပါသည်။ ၄၁ % သည်အဆင့် ၃ နှင့် ၄ အိမ်ထောင်စု များဖြစ်ကြပါသည်။ ၎င်းအိမ်ထောင်စုများသည် အများအားဖြင့် မြေယာမဲ့အိမ်ထောင်စု များ၊ ၂.၅ဧကအောက်ပိုင်ဆိုင်သော ဆင်းရဲသားတောင်သူများ ဖြစ်ကြပါသည်။ ကြုံရာကျပန်း အလုပ်များ ကိုသာ အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ယေဘုယျအားဖြင့် ဆင်းရဲသည်ကို တွေ့ရပါသည်။ အဆင်ပြေသောအိမ်ထောင်စု (၅) အိမ်နှင့် အလယ်အလတ်အိမ်ထောင်စု (၂၇) စုရှိပါ သည်။ ကျေးရွာ၏ အဆင့် ၃ နှင့် ၄ အိမ်ထောင်စုများ၏ ၃၀%ကို စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းကောက် ယူခြင်းအရ အများစုသည် နပ်ကျော်စားခြင်း၊ လျှော့စားခြင်း၊ ပြောင်းလဲစားသုံးခြင်းများ မတွေ့ရပါ။ ၃လအောက်ဝမ်းစာဖူလုံသော အိမ်ထောင်စု (၆) စု ရှိသည်ကိုတွေ့ရှိ ရပြီး ချေးယူခြင်းနှင့် လုပ်အားခ ကြိုယူခြင်း များဖြင့် ဖြေရှင်းကြပါသည်။

ကျေးရွာသည် ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ ထူးထူးခြားခြားမရှိပါ။ အချို့သော နှစ်များတွင် မိုးခေါင်ခြင်းနှင့် ပိုးမွှားရောဂါ ကျရောက် ခြင်းစသော အခြေအနေများကို ကြုံတွေ့ရတတ် ပါသည်။ ထို့သို့သောအခြေအနများတွင် အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများ၊ မြေယာမဲ့များ၊ လက်လုပ်လက်စားများအတွက် အလုပ်အကိုင်ရှားပါး ခြင်း အခြေအနေများ ကြုံတွေ့ရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ။ ။** ကျေးရွာတွင် အခြားကြီးကြီးမားမားရောဂါများ မဖြစ်ပွား သော်လည်း ဝမ်းပျက် ဝမ်းလျှော၊ ဆီးချို၊ သွေးတိုးနှင့် အခြားကူးစက်နိုင်သောရောဂါ များလည်း အသင့်အတင့်ဖြစ်ပွားသည်ကို တွေ့ရပါသည်။ မူလတန်းကျောင်းတွင် ကလေးသူငယ်များအတွက် အာဟာရ တိုက်ကျွေးမှုအစီအစဉ်များလည်း ပြုလုပ်ကြပါသည်။ ဆန်ပြုတ် နှင့်နွားနို့ တစ်နှစ်တကြိမ်သာ ကျွေးမွေး ကြပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှု။ ။** ကျေးရွာသည် စာတတ်မြောက်မှု အသင့်အတင့်ရှိသည်ဟု သုံးသပ်နိုင်ပါသည်။ စာမတတ်သူ(၁၅)ဦးရှိပြီး အများစုသည် မူလတန်းအဆင့်ရှိသူ (၇၃%) နှင့် အလယ်တန်းအဆင့် ရှိသူ (၇%) ရှိကြောင်းတွေ့ရပါသည်။ အထက်တန်းအဆင့်ရှိသူ (၄%) နှင့် တက္ကသိုလ် ကောလိပ် အဆင့်ရှိသူ (၁%) သာရှိပါသည်။ ကျေးရွာတွင်မူလတန်းကျောင်း ရှိသဖြင့် မူလတန်းအရွယ် အများစုသည် မူလတန်းပညာကို လက်လှမ်းမီ သင်ကြားနေသည်ကို တွေ့ရပါသည်။ ကျောင်းတက်နှန်း မြင့်မားပါသည်။ မူလတန်းကျောင်းသူသား (၁၈) ဦးနှင့် အလယ်တန်း ကျောင်းသူသား (၆) ဦးရှိပါသည်။ အထက်တန်းကျောင်းသူသား (၄) ဦးနှင့် တက္ကသိုလ် ကျောင်းသူသား (၁) ဦးရှိပါသည်။ အလယ်တန်းကျောင်းပညာကို ကျေးရွာနှင့်(၁)မိုင်ဝေးသော ဟိုလိပ် (အလက)ကျောင်းတွင် သွားရောက်တက်ရောက် ပြီး အထက်တန်းကျောင်းကို ကျေးရွာနှင့် ၁၂မိုင်ဝေး သော ပြင်ဦးလွင်မြို့ပေါ်ရှိ ကျောင်းများတွင် တက်ရောက်ကြပါသည်။ မန္တလေးရှိ တက္ကသိုလ်များ နှင့် ရတနာပုံတက္ကသိုလ်သို့ တက်ရောက်ကြပါသည်။ ပန်းရံ၊ လက်သမား၊ စက်ချုပ် ကျွမ်းကျင်ပညာရှင်များ ရှိပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု။ ။** ကျားမဆိုင်ရာဆက်နွယ်မှုသည် များစွာကွာခြားမှုမရှိပါ။ လူဦးရေ ဆိုင်ရာ အချက်အလက်အရ အလုပ်လုပ်နိုင်သော လူဦးရေတွင် အမျိုးသမီးအချိုးသည် အမျိုးသားများ ထက်ပိုမိုများပြားသည်ကို တွေ့ရပါသည်။ပညာရေးဆိုင်ရာကဏ္ဍတွင် အမျိုးသမီးများနှင့် အမျိုးသား များသည်

ပညာလေ့လာသင်ယူရန် အခွင့်အရေးအသင့်အတင့်ရှိသည်ကို တွေ့ရပါသည်။ ထို့အတူ ကျေးရွာစီမံခန့်ခွဲမှု ကဏ္ဍတွင် ထုံးတမ်းဓလေ့အရ အမျိုးသမီးပါဝင်မှု လုံးဝမတွေ့ရပေ။ သို့သော် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း များနှင့် အဖွဲ့အစည်းများတွင်မူ အမျိုးသမီးများ ဦးဆောင်ပါဝင်ခွင့် ရကြပါသည်။

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်။** ။ ကျေးရွာတွင် ထမင်းချက်၊ဟင်းချက်အဖွဲ့ ၊ ဓမ္မစကြာအဖွဲ့၊ ကာလသား/သမီးအဖွဲ့ နှင့် ငွေစုငွေချေး အဖွဲ့များစသော အဖွဲ့အစည်း များရှိပါသည်။ ဘာသာရေး၊ ကျေးရွာ၏ သာရေးနာရေး၊ နှင့် ငွေရေးကြေးရေးကိစ္စများကို လုပ်ဆောင် ကြပါသည်။ အမျိုးသား၊ အမျိုးသမီးများ ပါဝင်ကြသည်ကို တွေ့ရပါသည်။ အဖွဲ့အစည်း ဆိုင်ရာစွမ်းဆောင်ရည်မှာ အဖွဲ့အစည်းများ အားလုံး စွမ်းဆောင်ရည် အသင့်အတင့်ကောင်း သည်ကိုတွေ့ရှိရပါသည်။ ပူးပေါင်းလုပ်ဆောင် ကြပါသည်။ ပိုမိုပူးပေါင်း ပါဝင်ရန် ဖွံ့ဖြိုးရေးဆိုင်ရာ အသိအမြင်များ ၊ မှတ်တမ်းမှတ်ရာစနစ်တကျ ထားသိုနိုင်ရန် ပံ့ပိုးပေးရန် လိုပါမည်။

**(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။** ။ကျေးရွာသည် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ တောင်သူ (၅၄) ဦးရှိပါသည်။ စုစုပေါင်း လယ်မြေဧက (၁၀၇.၈) ဧက၊ ယာမြေ (၂၅၅.၃) ဧကနှင့် ဥယျာဉ်ခြံမြေ (၁၁)ဧက ရှိပါသည်။ မြေဆီဩဇာအခြေအနေမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ရေသွင်းမြောင်း နှင့် ချောင်းရေ တို့မှ စိုက်ပျိုးရေ ရရှိနိုင်ပါသည်။ တစ်နှစ်ပတ်လုံး ရရှိပြီး၊ လုံလောက်မှု မရှိပါ။ စပါး နှင့် ပြောင်း များကို အဓိကစိုက်ပျိုးကြ ပါသည်။ ပြောင်းကို အဓိကထားစိုက်ပျိုးကြပါသည်။ တစ်ဧကလျှင် ပိဿ ၃၀၀ မှ ၁၂၀၀ အထိအထွက်နှုန်း ရရှိပါသည်။ ဇွန်လမှ နိုဝင်ဘာလအတွင်း စိုက်ပျိုးကြပါသည်။ ပိုးစိမ်းကိုက်၊ မှိုး၊ ရွက်ဖျားခြောက် စသော ပိုးမွှားရောဂါများ ဖြစ်ကြပါသည်။ အခြားသီးနှံများမှာ အထွက်နှုန်း အသင့်အတင့်ထွက်ရှိပါသည်။ ပြောင်းသည် ဈေးနှုန်း အတက်အကျ သင့်၍ အမြတ်ရရှိမှုလည်း အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် ထွန်စက်(၁၄)စီး၊ လက်တွန်းထွန်စက် (၇) စီး၊ ခြေလှေ့စက် (၂)စီး၊ ရေစုပ်စက် ၁၉ စီး နှင့် မြက်ရိတ်စက် ၁၃ စီးသာ ရှိပါသည်။ အချို့သော အိမ်ထောင်စု များသည် ခိုင်းကျွဲများကို အသုံးပြုကြပါသည်။ ထွန်စက်ကြီးများ ကိုလည်း ငှားရမ်းအသုံးပြုနိုင်ပါသည်။ ထွန်စက်ကြီးများကို တစ်ဧကကို ၂၅၀၀၀ ကျပ်နှုန်းခန့်ပေး၍ ငှားသုံးရပါသည်။ လယ်ယာသုံး စက်ကိရိယာလုံလောက်မှု နည်းပါသည်။ လယ်ယာသုံး စက်ကိရိယာလုံလောက်မှု ရှိပါသည်။ သီးနှံမျိုးစေ့များ၊ မြေဩဇာ၊ ပိုးသတ်ဆေးများကို ပြင်ဦးလွင်မြို့၊ မန္တလေးမြို့နှင့် ကျေးရွာတွင်းရှိဆိုင်များမှ ဝယ်ယူ လက်လှမ်း မီပါသည်။ တောင်ယာ လုပ်သား အသင့်အတင့် ပေါများပါသည်။ လယ်ယာထုတ်ကုန် များကို မြို့မဈေး(ပြင်ဦးလွင်)နှင့် မန္တလေးဈေး တို့တွင်ရောင်းချနိုင်ပါသည်။ စိုက်ပျိုးရေးချေးငွေသည် လုံလောက်မှု နည်းပါးပြီး၊ ပိုးမွှားရောဂါကာကွယ်ရေး အတွက် စိုက်ပျိုးရေးနည်းပညာ လက်လှမ်းမီ မှုမရှိပါ။ ပွဲစားများ၏ ဈေးနှုန်းကိုသာ မှီခိုရ၍ မှန်ကန်သော သီးနှံဈေးကွက် လိုအပ်ပါ သည်။

ကျေးရွာတွင် ကျွဲ ၊ ဝက် နှင့် ကြက် ကိုသာ မွေးမြူကြောင်းတွေ့ရပါသည်။ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်မှုနည်းပါးကြောင်းတွေ့ရပါသည်။ မွေးမြူရေးလုပ်ငန်းများလုပ်ဆောင်ရန် အခွင့် အလမ်း နည်းပါးသော်လည်း မွေးမြူရေးအစာ၊ ရေ အသင့်အတင့်ရရှိနိုင်ပါသည်။ မွေးမြူရေး ချေးငွေ သီးသန့်မရှိပါ။မြို့နယ်တွင် တိရစ္ဆာန်ကုဉီးစီးဌာန ရှိပါသည်။ ရောဂါဖြစ်ပွားမှုသာလျှင် လာရောက်

ဆေးထိုးကြပါသည်။ သို့သော် နည်းပညာ ပိုင်းဆိုင်ရာချိတ်ဆက်မှု မလုပ်ဆောင် ဖူးသေးပါ။ မိသားစု အပိုဝင်ငွေရရှိရန် သို့မဟုတ် တစ်နိုင်တစ်ပိုင်စီးပွားရေးအဖြစ် မွေးမြူရေး လုပ်ငန်းကို တိုးချဲ့မွေးမြူ သင့်ပါသည်။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင် မွေးမြူရေးအတွက် အခြေခံမွေးမြူရေးပညာများလိုအပ်ပြီး၊ ကျေးရွာတွင် မွေးမြူရေး လုပ်သားများရှိပါက ကျွေးရွာအတွင်း ကုသကာကွယ်ရေး လက်လှမ်းမီလာနိုင်ပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ။ ။** ကျေးရွာတွင် စိုက်မွေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများအဖြစ် များများစားစားမတွေ့ရပါ။ အရောင်းအဝယ်လုပ်ငန်း၊ အိမ်ဆိုင်လုပ်ငန်း၊ စက်ချုပ်၊ သယ်ယူပို့ဆောင်ရေး စသော လုပ်ငန်းများသာ တွေ့ရပါသည်။ ကျေးရွာအခြေပြု ထုတ်ကုန်လုပ်ငန်းများကိုမူ မတွေ့ရပါ။ အခွင့်အလမ်းအနေဖြင့် မန္တလေးမြို့နှင့် နေ့ချင်းပြန် သွားသော လိုင်းကားများကို မြို့ပေါ်တွင် သွားရောက်စီး၍လွယ်ကူခြင်းကြောင့် ရောင်းဝယ် ဖောက်ကားမှု ကောင်းပါသည်။ လုပ်သားအင်အား အသင့်အတင့်သာ ရှိသည်ကိုတွေ့ရပါသည်။ မန္တလေး၊ ပြင်ဦးလွင် စသောမြို့ကြီးများတွင် အလုပ်အကိုင် အခွင့်အလမ်း အသင့်အတင့် ရရှိနိုင်ပါသည်။ လုပ်ငန်းလည်ပတ်ရန် အရင်းအနှီးငွေကြေး၊ လုပ်ငန်းနှင့် ပက်သက်သော နည်းပညာများသည် အခက်အခဲများဖြစ်ပါသည်။ ထို့အပြင် လျှပ်စစ်မီးမရရှိသေးခြင်းသည်လည်း အဟန့်အတားတစ်ခုအဖြစ် ရှိနေပါသည်။ ထို့ကြောင့်ကျေးရွာအခြေပြု အသေးစား၊အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ချေးငွေ အစီအစဉ်များ၊ ဈေးကွက်၊ နည်းပညာ ချိတ်ဆက်မှုများ နှင့်အတူ အခြေခံ အဆောက်အဦ ကဏ္ဍများပါ ဖွံ့ဖြိုးရန် လိုအပ်ပါမည်။

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု။ ။** ကျေးရွာရှိ မြေဆီညြေဖာအခြေအနေသည် ဓါတုမြေညြေဖာများ နှစ်စဉ်နှစ်တိုင်းသုံးစွဲမှုများလာသောကြောင့် တဖြည်းဖြည်းအရည်အသွေးကျဆင်းလာပါသည်။ နွားချေး၊ သစ်စိမ်းမြေညြေဖာများစသော သဘာဝမြေညြေဖာများ အစားထိုးအသုံးပြုရန် လိုအပ်လာပါမည်။ ဖျက်ပိုးရောဂါကာကွယ်ထိန်းသိမ်းမှုအပိုင်းတွင်လည်း ဓါတုပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲကြ၍ ပိုးရောဂါများ ဆေးဒဏ်ခံလာနိုင်ပြီး၊ ဘက်စုံပိုးမွှားရောဂါကာကွယ်နည်းစနစ်များ အလေ့အကျင့်များ လုပ်ဆောင်ရန် လိုပါမည်။ အမှိုက်သရိုက်များကို ရွာအပြင်ဘက်တွင် စနစ်တကျစွန့်ပစ်ကြပြီး၊ ပြီးလျှင် မီးရှို့ကြပါသည်။ ဆေးဗူးခွံများကို အသုံးပြုပြီး နီးစပ်ရာတွင် စွန့်ပစ်ကြပါသည်။

**(င) ဘဏ်လုပ်ငန်း နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု။ ။** ကျေးရွာတွင် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ စိုက်ပျိုးရေး အတွက်ချေးငွေရရှိပါသည်။ ပုံစံ(၇)ရသူများထုတ်ချေးခွင့် ရရှိပါသည်။ ကာလတိုချေးငွေဖြစ်ပြီး ၊ ချေးငွေကာလမှာ ၆လဖြစ်ပါသည်။ တစ်ဧကလျှင် တစ်သိန်းခွဲရရှိပါသည်။ ဂွန်၊ ဂူလိုင်လ၊ ညြဂုတ်လများတွင် ပုံမှန်ထုတ်ချေးပါသည်။ သမဝါယမချေးငွေလည်းရရှိပါသည်။ သမဝါယမချေးငွေမှာ ကာလတိုချေးငွေဖြစ်ပြီး ချေးငွေကာလမှာ ၆လဖြစ်ပါသည်။ အတိုးနှုန်းမှာ ၁မှ၂%ဖြစ်ပြီး အပေါင်ခံပစ္စည်းမလိုအပ်ပါ။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။** ကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်း ရှိပါသည်။ မူလတန်းအရွယ်ကလေးငယ်များအားလုံး မူလတန်းပညာကို လက်လှမ်းမီ ကြပါသည်။ အလယ်တန်းပညာကို ဟိုလိပ်(အလက)သို့ သွားရောက်တက်ရောက်ကြပြီး အထက်တန်းပညာကို ပြင်ဦးလွင်မြို့ပေါ်ရှိ အထက်တန်းကျောင်းသို့ သွားရောက်တက် ရောက်ကြပါသည်။ ကျောင်းသည် ကျေးရွာအနီးတွင်သာရှိပြီး၊ စက်ဘီးဖြင့် တက်ရောက်ကြပါသည်။ ကျောင်းဆရာမ ၅ ဦးရှိပါသည်။ ကျောင်းဆရာ/ဆရာမ လုံလောက်မှု ရှိပါသည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာသည် ၁၄၀၄ စတုရန်းပေရှိ ကျောင်းဆောင် ၁ ဆောင်ရှိပြီး သွပ်မိုး၊ နံကပ်၊ တမံတလင်းခင်းထားပြီး ကောင်းမွန်ပါသည်။ ကျောင်းသုံးပရိဘောဂများ မလုံလောက်ပါ။ ကျောင်းအိမ်သာသည် ယင်လုံအိမ်သာဖြစ်ပြီး ကောင်းမွန် ပါသည်။ အာဟာရတိုက်ကျွေးမှု အစီအစဉ်အများ တိုက်ကျွေးမှု ရှိသည်ကို တွေ့ရှိရပါသည်။ မူလတန်း ပညာကျောင်းထွက်နှုန်း မရှိပါ။ မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ်များမရှိပါ။ ကျောင်းအားကစားကွင်း သီးသန့်မရှိပါ။သို့သော် ကျောင်းဝန်း ကျယ်ဝန်း၍ ကလေးသူငယ်များ လွတ်လပ်စွာ ကစားနိုင်ပါသည်။ မိဘဆရာ အသင်းကဦးဆောင်၍ ကျောင်းသားစုံညီပွဲတော်၊ ပညာ ရည်ချွန် ဆုပေးပွဲများ ကျင်းပပေးပါ သည်။

ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန် လာရောက်ထိုးပေးပါသည်။အခြေခံကျန်းမာရေးပညာပေးအစီအစဉ်များလည်း ရှိပါသည်။ ကျေးလက် ကျန်းမာရေးဆေးပေးခန်းသည် ကျေးရွာတွင် ရှိပြီး၊ မွေးလူနာ များရှိပါက လာရောက်မွေးဖွား ပေးပါသည်။ အရေးပေါ်လူနာများအတွက် ပြင်ဦးလွင် ပြည်သူ့ ဆေးရုံနှင့် ပုဂ္ဂလိကဆေးခန်းများသို့ သွားရောက်ကြပါသည်။ ပြင်ဦးလွင်မြို့ နှင့် ၁၂ မိုင်ခန့်ဝေး၍ ကျန်းမာရေး ဧောင့်ရှောက်မှု၊ ဝန်ဆောင်မှုများကို လက်လှမ်းမီပါသည်။

ကျေးရွာတွင် ရေတွင်း (၃၁) တွင်းရှိသည်။ရေတွင်းများမှာ တစ်နှစ်ပတ်လုံး ရေလုံလောက်မှုရှိသော်လည်း ကျန်ရေတွင်းမရှိသော အိမ်ခြေများမှာ ဘေးအိမ်ရှိရေတွင်းများတွင်သာ စုပေါင်းအသုံးပြုကြသည်။ သောက်သုံးရန် ကောင်းမွန်ပြီး၊ နွေမိုးဆောင်း လုံလောက်မှု ရှိပါသည်။ သောက်သုံးရေးပြဿနာမရှိပါ။ ယင်လုံအိမ်သာသုံးစွဲမှု များပြားပြီး အနည်းငယ်သာ နီးစပ်ရာအိမ်များ တွင် တွဲဖက်၍အသုံးပြုကြပါသည်။ အခြေခံကျန်းမာရေး ဗဟုသုတများ နည်းကြပါသည်။ ကျန်းမာရေး ဆိုင်ရာ အတွက် ဖုံးသွန်လှဲစစ် များကို ပုံမှန်လာရောက် စစ်ဆေးခြင်းမရှိပါ။

**(ဆ) လူငယ်၊ ယဉ်ကျေးမှု၊ အားကစား။ ။** ကျေးရွာတွင် အပန်းဖြေရန် နေရာသီးသန့်နေရာမရှိပါ။ ကျေးရွာအနီး နှီးဘုရားပွဲ၊ ရှမ်းနှစ်သစ်ကူးပွဲတော်၊ ပန်းပွဲတော်၊ ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲများသို့ သွားရောက်လေ့ ရှိကြပါသည်။ ရုပ်ရှင်ကြည့်ခြင်း၊ ဇယ်တောက်ခုံ၊ ဘောလုံးပွဲများ ကြည့်ခြင်းဖြင့် အပန်းဖြေကြပါသည်။ လူငယ်များသည် အလှူမင်္ဂလာဆောင်ပွဲများ ကျွေးမွေးဧည့်ခံခြင်း လုပ်ငန်းများ၊ ပဌာန်း၊ ဓမ္မစကြာရွတ်ခြင်း စသော ဘာသာရေးလုပ်ငန်းများ၊ လမ်းပြုပြင်ခြင်း၊ ဘုန်းကြီးကျောင်း သန့်ရှင်းရေး စသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ၊ သင်္ကြန်ပွဲ အခါကြီးရက်များတွင် လူကြီး

သူမများကို ခေါင်းလျော်ပေးခြင်း၊ သီတင်းကျွတ်အခါသမယတွင် လူကြီးသူမများကို ကန်တော့ခြင်း၊ သက်ကြီးပူဇော်ပွဲများပြုလုပ်ရာတွင် ပါဝင်ခြင်း၊ ယဉ်ကျေးလိမ္မာ သင်တန်းများတွင် ပါဝင်ကြပါသည်။ ကျေးရွာတွင် ဘောလုံးကွင်းမရှိပါ။ ထို့ကြောင့် လူငယ်များသည် ဘောလုံးကန်ခြင်း၊ ပိုက်ကျော်ခြင်း ကစားခြင်း၊ ခြင်းခတ်ခြင်း စသော အားကစားများကို ကစားနိုင်ခြင်းမရှိပါ။ လူငယ် များသည် အားကစားကဏ္ဍတွင် အခွင့်အရေးရရှိမှု နည်းပါးပါသည်။ ကျေးရွာတွင် စာကြည့်တိုက် မရှိပါ။ လူငယ်များသည် ဖုန်းများကိုသာ အသုံးပြု နေသောကြောင့် ဗဟုသုတ အသိအမြင် နည်းပါးသည်။

**(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး။ ။** ကျေးရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံး သွားလာနိုင်သည်။ ရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံး သွားလာနိုင်သည်။ စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာကျီ ကားများကို အသုံးပြု သွားလာကြပါသည်။ ကျေးရွာတွင် ကွန်ကရစ်တံတား (၁)စင်း ရှိပါသည်။ ကျေးရွာတွင် လျှပ်စစ်မောတ်အား မရရှိသေးပါ။ ဆိုလာစနစ်ကို အသုံးပြုသော အိမ်ထောင်စု မှာ (၅၀) အိမ်ထောင်စု ရှိပါသည်။လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ထောင်စုမှာ (၄)အိမ်ထောင်စု ရှိပါသည်။ လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ထောင်စုများမှာ ဓါတ်ခဲနှင့်လင်းသောမီးလင်းတိုင်များ၊ ဘက္ကထရီအိုး နှင့်လင်းခြင်း နှင့်ဖယောင်းတိုင်မီးများကို အသုံးပြုကြသည်ကိုတွေ့ရှိရပါသည်။ တယ်လီဖုန်း ဆက်သွယ်မှုများလည်း ကောင်းမွန်ပါသည်။ ကျေးရွာတွင် ဖုန်းအသုံးပြုမှု လည်းများပါသည်။

**(ဈ) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး။ ။** ကျေးရွာသည် ပြင်ဦးလွင်မြို့နှင့် ၁၂ မိုင်ခန့်ဝေးကွာသော်လည်း ရဲဘက်ဆိုင်ရာဝန်ဆောင်မှုများအတွက် ပြင်ဦးလွင်စခန်းရှိ၍ လက်လှမ်းမီပါသည်။ ထို့အပြင် ကျေးရွာမှုခင်းဖြစ်ပွားမှုနည်း၍ တည်ငြိမ်အေးချမ်းပါသည်။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့်ရှိပါသည်။ ကျေးရွာသည် ယေဘုယျအားဖြင့် စည်းလုံးညီညွတ်မှုကောင်းပြီး၊ လူထုပူးပေါင်းမှု ကောင်းပါသည်။ စိုက်ပျိုးရေးအတွက် တောင်ယာမြေများပေါများ၍ မြေဆီဩဇာအသင့်အတင့် ကောင်းမွန်ပါသည်။ ရေသွင်းမြောင်း နှင့် ချောင်းတို့မှ စိုက်ပျိုးရေးရရှိ၍ စပါး နှင့် ပြောင်း စသော သီးနှံများ ဖြစ်ထွန်းအောင်မြင်ပါသည်။ မွေးမြူရေး တွင်လည်း ကျွဲ၊ ဝက်နှင့်ကြက်များ တစ်နိုင်တစ်ပိုင် မွေးမြူနိုင်ပါသည်။ စားကျက်မြေ သီးသန့် မရှိသော်လည်း မြေလွတ်မြေလပ်များတွင် လွှတ်ကျောင်းနိုင်ကြပါသည်။ တောင်ကုန်း၊ တောင်တန်းများပေါ်တွင်လည်း လွှတ်ကျောင်း နိုင်ပါသည်။ အစာ၊ ရေလည်း ပေါများပါသည်။

**(ခ) အဟန့်အတားများ၊ ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် ကျေးရွာအဆင့်တွင် အောက်ပါ အဟန့် အတားများ၊ စိန်ခေါ်မှုများ ရင်ဆိုင်ရပါသည်။

ဒေသခံတောင်သူများသည် မိရိုးဖလာဓလေ့နည်းဖြင့်သာ စိုက်ပျိုးလေ့ကြပြီး၊ ပြောင်းလဲစိုက်ပျိုးလိုကြသော်လည်း နည်းပညာလက်လှမ်းမှု အားနည်းခြင်း၊ကုန်ကျစရိတ်များပြားခြင်း၊ လုပ်သားအင်အား အသင့်အတင့်သာရှိခြင်း၊ စိုက်ပျိုးစရိတ်အတွက် ချေးငွေများယူရခြင်း၊ စသည့်အကြောင်းများကြောင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အဟန့်အတားတစ်ခုဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် ရင်းနှီးမတည်ငွေ မပြည့်စုံပါ။ မွေးမြူရေး သီးသန့် ချေးငွေ မရှိပါ။ ကျေးရွာအခြေပြုအသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် ချေးငွေ၊ နည်းပညာ၊ ဈေးကွက်စသော လက်လှမ်းမီမှုနည်းပါသည်။

## ၆။ ရည်ရွယ်ချက်ပန်းတိုင် နှင့် ဗျူဟာ

### (က) ရည်ရွယ်ချက်ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေပြုသော ကျေးရွာတစ်ရွာ ဖြစ်၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ အောက်ပါ ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင် ၅ ချက်ကို ရေးဆွဲထားပါသည်။

(က) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်းနှင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးတိရစ္ဆာန်များ တိုးချဲ့မွေးမြူခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာခြင်းဖြင့် မိသားစုများ ဝင်ငွေတိုး လာစေရမည်။

(ခ) အခြေခံပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဝန်ဆောင်မှုများနှင့် အဆောက်အဦများ ဖွံ့ဖြိုးလာစေခြင်း ဖြင့် ကျေးရွာလူမှုဘဝ တိုးတက်လာရမည်။

(ဂ) ကျေးရွာ၏ အခြေခံအဆောက်အဦကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရမည်။

(ဃ) ကျေးရွာ၏ လူငယ်အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရမည်။

(င) ကျေးရွာ၏ အရောင်းအဝယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရမည်။

### (ခ) ဖွံ့ဖြိုးရေးဗျူဟာ

အထက်ပါကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင်များ ပြည့်မီရန်အတွက် ကျေးရွာတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေ သော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေး ဗျူဟာများကို သက်ဆိုင်ရာ ဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထုများပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ်ထားပါသည်။

(၁) ကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန နှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များထုတ်လုပ်ခြင်းနည်း ပညာများ၊ဘက်စုံပိုးမွှား ရောဂါကာကွယ်ရေးနည်းလမ်းများ၊ မြေဆီလွှာနှင့် မြေဩဇာအသုံးပြုနည်းများ စသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန် ဈေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ် ဆောင်သွားရမည်။ မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေးကုသဆေးများလက် လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များ နှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ လစဉ်အဟာရ တိုက်ကျွေးခြင်းများ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေးစောင့်ရှောက်မှုအတွက် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ရယူသွားမည်။ ထို့အပြင် လူငယ်များ စာပေ ဗဟုသုတ လက်လှမ်းမီရန် စာဖတ်အလေ့အကျင့် ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများ နှင့်ချိတ်ဆက်ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီးပေးခြင်း၊ လူငယ်စွမ်းရည် မြင့်တင်ရေးလုပ်ငန်းများမိတ်ဆက်ပေးခြင်း၊ စာဖတ်ရန် အလေ့အထ ထွန်းကားရန် အသိနိုးဆော်ခြင်း၊ လူငယ်များအား ကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။

(၃) ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်း၊ လယ်ယာကုန်ထုတ်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိခြင်းဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မလုပ်ဆောင်နိုင်သော၊ မဖြေရှင်းနိုင်သော ပြဿနာများအတွက် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ မြို့နယ်အဆင့်တွင် မူဝါဒများ၊ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုးရေးလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေးလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို သက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ် မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ် နှစ်တိုင်း အထွက်နှုန်း ကျဆင်းလာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘက်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘက်ဂျက်များကို ဒေသလိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ

ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘက်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့်ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှု များ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘက်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေးဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ်လုပ်ဆောင်ရန် လိုပါမည်။

**၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်မည့်ကာလ**

**(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်။** ။ ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ် ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာ လူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုး စီမံချက် များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

**(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း။** ။ အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း သည် စီမံချက်ဆိုင်ရာ

အချက်အလက်များ ခွဲခြမ်း သုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာန များအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်လုပ်ငန်းများ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ် မှတ်နည်းဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

(၁) သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ။ ။ လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခစသည်များ

(၂) ငွေလုံးငွေရင်းအသုံးစရိတ် (Capital Expendiuture) ဥပမာ။ ။ ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဂယ်ယူရသော ရင်းနှီးမြှုပ်နှံမှုများ။

(၃) စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၄) လူသားချင်းစာနာမှုအထောက်အပံ့ (Humanitarian Support)

## (ဂ) ဦးစားပေး စီမံချက်များ

ကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံချက်များကို အောက်ပါဇယားတွင်ဖော်ပြထားပါသည်။

**ဦးစားပေးစီမံချက်များ**

| ကဏ္ဍ | စီမံချက် | ရမှတ် | ဦးစားပေး အဆင့် | စီမံကိန်းရှင်း လင်းချက် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ အခြေခံအဆောက်အဦ | လမ်းတံတားဖွံ့ဖြိုးရေးစီမံချက် | ၇၀ | ၁ | | |
| ၂။ အခြေခံအဆောက်အဦ | လျှပ်စစ်မီးဖွံ့ဖြိုးမှု စီမံချက် | ၆၃ | ၂ | | |
| ၃။ စိုက်ပျိုးရေး | စိုက်ပျိုးရေ ရရှိရေးစီမံချက် | ၄၅ | ၃ | | |
| ၄။ ကျန်မာရေး | ကျန်းမာရေးဖွံ့ဖြိုးမှုစီမံချက် | ၄၂ | ၄ | | |
| ၅။ ပညာရေး | အစိုးရအသိအမှတ်ပြုပညာရေး ဖွံ့ဖြိုးမှုစီမံချက် | ၃၇ | ၅ | | |
| ၆။ စိုက်ပျိုးရေး | စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးမှုစီမံချက် | ၃၂ | ၆ | | |
| ၇။ စိုက်ပျိုးရေး | သီးနှံထွက်တိုးဖွံ့ဖြိုးမှု စီမံချက် | ၃၂ | ၇ | | |
| ၈။ မူဝါဒ | ဈေးကွက်တည်ငြိမ်ရေးမူဝါဒ များချမှတ်ပေးရန် | ၂၈ | ၈ | | |
| ၉။ လူငယ်နှင့်အားကစား | လူငယ်ဖွံ့ဖြိုးရေးစီမံချက် | ၂၇ | ၉ | | |
| ၁၀။ မူဝါဒ | ကျား/မဆိုင်ရာ ဖွံ့ဖြိုးမှုစီမံချက် | ၂၆ | ၁၀ | | |
| ၁၁။ ငွေကြေး | ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု ဖွံ့ဖြိုးရေးစီမံချက် | ၂၃ | ၁၁ | | |
| ၁၂။လုံခြုံရေးနှင့်တည်ငြိမ် အေးချမ်းရေး | စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေးစီမံချက် | ၂၂ | ၁၂ | | |
| ၁၃။ စိုက်ပျိုးရေး | စိုက်ပျိုးမြေဖွံ့ဖြိုးမှုစီမံချက် | ၂၀ | ၁၃ | | |
| ၁၄။သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စီမံချက် | ၁၈ | ၁၄ | | |
| ၁၅။ မွေးမြူရေး | မွေးမြူရေးနည်းပညာဖွံ့ဖြိုးမှုစီမံချက် | ၁၇ | ၁၅ | | |

(ဃ) **အကောင်အထည်ဖော်မည့်အချိန်ကာလ** ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံချက်ကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံချက်ကာလ အပိုင်းအခြားကိုအောက်ပါဇယားတွင်ဖော်ပြထားပါသည်။

အကောင်အထည်ဖော်မည့်အချိန်ကာလ

| စဉ် | စီမံချက် | ဦးစီးပေးအဆင့် | ကာလ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | မှတ်ချက် |
| ၁ | လမ်းတံတားဖွံ့ဖြိုးရေးစီမံချက် | ၁ | ✔ | ✔ | | | | |
| ၂ | လျှပ်စစ်မီးဖွံ့ဖြိုးမှု စီမံချက် | ၂ | | ✔ | | | | |
| ၃ | စိုက်ပျိုးရေ ရရှိရေးစီမံချက် | ၃ | | | ✔ | | | |
| ၄ | ကျန်းမာရေးဖွံ့ဖြိုးမှုစီမံချက် | ၄ | | | ✔ | | | |
| ၅ | အစိုးရအသိအမှတ်ပြု ပညာရေးဖွံ့ဖြိုးမှုစီမံချက် | ၅ | | ✔ | | | | |
| ၆ | စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးမှုစီမံချက် | ၆ | | | ✔ | | | |
| ၇ | သီးနှံထွက်တိုးဖွံ့ဖြိုးမှု စီမံချက် | ၇ | | | | ✔ | | |
| ၈ | ဈေးကွက်တည်ငြိမ်ရေးမူဝါဒများ ချမှတ်ပေးရန် | ၈ | | | | ✔ | | |
| ၉ | လူငယ်ဖွံ့ဖြိုးရေးစီမံချက် | ၉ | | | | | ✔ | |
| ၁၀ | ကျား/မဆိုင်ရာ ဖွံ့ဖြိုးမှုစီမံချက် | ၁၀ | | | | | | |
| ၁၁ | ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု ဖွံ့ဖြိုးရေးစီမံချက် | ၁၁ | | | | ✔ | | |
| ၁၂ | စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေးစီမံချက် | ၁၂ | | | ✔ | | | |
| ၁၃ | စိုက်ပျိုးမြေဖွံ့ဖြိုးမှုစီမံချက် | ၁၃ | | | ✔ | | | |
| ၁၄ | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စီမံချက် | ၁၄ | | | | ✔ | | |
| ၁၅ | မွေးမြူရေးနည်းပညာဖွံ့ဖြိုးမှုစီမံချက် | ၁၅ | | | | | ✔ | |

## ၉။ ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာဗျူဟာအစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန် တကယ်ကုန်ကျနိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာ နှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည် တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက် အစီအစဉ်တွင် ကျေးရွာလူထုမှထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံး ကိရိယာများ၊ ပူးပေါင်း ပါဝင်သော အချိန်များကို ထည့် သွင်းတွက်ချက်ထားခြင်း မရှိပါ။

ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

| | | | ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း<br>ငွေလုံးငွေရင်း အသုံးစရိတ် | | | |
|---|---|---|---|---|---|---|
| စဉ် | စီမံချက် | စုစုပေါင်း ခန့်မှန်း ဘတ်ဂျက် (ကျပ်) | သာမန် အသုံး စရိတ် | ငွေလုံး ငွေရင်း ရင်းနှီး မြှုပ်နှံမှု | စွမ်းဆောင် ရည်မြှင့် တင်ရေး | လူသားချင်း စာနာမှုအ ထောက်အပံ့ |
| ၁ | လမ်းတံတားဖွံ့ဖြိုးရေး စီမံချက် | | | ✔ | | |
| ၂ | လျှပ်စစ်မီးဖွံ့ဖြိုးမှု စီမံချက် | | | ✔ | | |
| ၃ | စိုက်ပျိုးရေ ရရှိရေးစီမံချက် | | | ✔ | | |
| ၄ | ကျန်းမာရေးဖွံ့ဖြိုးမှု စီမံချက် | | | ✔ | | |
| ၅ | အစိုးရအသိအမှတ်ပြု ပညာရေးဖွံ့ဖြိုးမှုစီမံချက် | | | | ✔ | |
| ၆ | စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးမှုစီမံချက် | | | ✔ | | |
| ၇ | သီးနှံထွက်တိုးဖွံ့ဖြိုးမှု စီမံချက် | | | ✔ | | |
| ၈ | ဈေးကွက်တည်ငြိမ်ရေးမူဝါဒများချမှတ်ပေးရန် | | ✔ | | | |
| ၉ | လူငယ်ဖွံ့ဖြိုးရေးစီမံချက် | | | ✔ | ✔ | |
| ၁၀ | ကျား/မဆိုင်ရာ | | | | ✔ | |

| | | | | | | |
|---|---|---|---|---|---|---|
| | ဖွံ့ဖြိုးမှုစီမံချက် | | | | | |
| ၁၁ | ဘဏ်နှင့်ငွေကြေးဝန်<br>ဆောင်မှု ဖွံ့ဖြိုးရေးစီမံချက် | | | ✔ | | |
| ၁၂ | စီမံအုပ်ချုပ်မှု<br>ဖွံ့ဖြိုးရေးစီမံချက် | | | | ✔ | |
| ၁၃ | စိုက်ပျိုးမြေဖွံ့ဖြိုးမှုစီမံချက် | | | ✔ | | |
| ၁၄ | သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေး စီမံချက် | | | | | ✔ |
| ၁၅ | မွေးမြူရေးနည်းပညာဖွံ့ဖြိုး<br>မှုစီမံချက် | | | ✔ | | |

## (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်း ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာ အလယ်တန်းတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန်ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည် ဖော်ရာ တွင် ဦးဆောင် စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် အလယ် တန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း

ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့အစည်း ကလည်း လယ်ယာကုန်ထုတ် လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ်ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ( နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြသော သတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန် ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီး ကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

### (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထား ရှိမည်။ ဥပမာအားဖြင့် ရွာတွင်းလမ်းကတ္တရာခင်းခြင်းလုပ်ငန်းတွင် ကျေးရွာသူ/သားများထံမှ ထည့်ဝင်ငွေ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် လမ်းပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းပြုပြင်ထိန်းသိမ်းရေး

အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည် ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင်အထည် ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း များကို ကြီးကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော် သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်း များတည် ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေး ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီ အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ် ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည် ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့် သော အဆိုပြုချက်များ၊

- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်း ယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲ များ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှား မှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင် သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်း ကိုလည်းရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဇ) နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလ တွင် အချိန်ပိုင်း အလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီ များကို မြို့နယ်အဖွဲ့အစည်း များထံမှ လိုအပ်မည်ဖြစ်သည်။

## ရည်ညွှန်းချက်များ


၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ကျေးရွာ၏ လူမှုစီးပွားရေးအထောက်အကူပြု ဇယားများ

# အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

| | |
|---|---|
| ကျေးရွာ<br>ကျေးရွာအုပ်စု<br>မြို့နယ်<br>တိုင်းဒေသကြီး / ပြည်နယ် | - ချောင်းခြားကျေးရွာ<br>- နားလင်း(ပကင်း)<br>-ပြင်ဦးလွင်မြို့နယ်<br>-မန္တလေးတိုင်းဒေသကြီး |
| စီမံချက်အမည် - ကျေးရွာတွင်းလမ်း ကျောက်ချောခင်းခြင်း | |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ<br>ကျေးရွာ၏ လက်ရှိလမ်းအခြေအနေသည် မြေသားလမ်းဖြစ်ပါသည်။ မိုးရာသီတွင် ရေတိုက်စားမှုကြောင့် ဗွက်ထခြင်း ၊ ချိုင့်များ ဖြစ်ပေါ်ပါသည်။ ထို့ကြောင့် မိုးရာသီအချိန်တွင် ကျောင်းသား/သူများ ၊ တောင်သူလယ်သမားများ သွားလာရခက်ခဲခြင်းများ ကြုံတွေ့ရပါသည်။ | |
| စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)<br>လမ်းကောင်းသွားလျှင် တစ်နှစ်ပတ်လုံး ကျောင်းသား/သူများ သွားလာရလွယ်ကူခြင်း၊ တောင်သူလယ်သမားများ အဆင်ပြေ ချောမွေ့စွာ လယ်ယာထုတ်ကုန်များ သယ်ယူနိုင်မည် ဖြစ်ပါသည်။ | |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)<br>ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးဘဝအဆင့်အတန်းများ တိုးတက်လာမည်။ စိတ်ပျော်ရွှင်ချမ်းမြေ့စွာ သွားလာနိုင်ပြီး လယ်ယာထုတ်ကုန်များ အရောင်းဈေးရတွင် ယခင်ကထက်ပို၍ ဈေးကောင်းရရှိလာနိုင်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်။ | |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)<br>ကျေးရွာ တွင်းလမ်း ကျောက်ချောလမ်း ခင်းရန် လုပ်ဆောင်သွားမည်။<br>အလျား (၁၅၀၀) ပေ ၊ အနံ (၁၂) ပေ၊ ထူ (၉) လက်မ ခင်းရန် လိုအပ်ပါမည်။ | |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
| • ၁၀၀ သိန်း (ငွေသား)<br>• ၁၂ သိန်း ၆ သောင်း (ငွေသား)<br>• ၆ သိန်း (လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၈၉ | ၉၁ | ၁၈၀ | ၅ | ၂၇ | ၁၅ | ၇ | ၅၄ |
| **အကျိုးခံစားမည့် ဦးရေ** | ၈၉ | ၉၁ | ၁၈၀ | ၅ | ၂၇ | ၁၅ | ၇ | ၅၄ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

## စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)၊ အကောင်ထည်ဖော်မည့်စနစ်<br>(ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား)<br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်မြို့နယ်ကျေးလက်ဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်။ |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း ၅-၂-၂၀၁၈ |
| (၃) စီမံချက်ပြီးစီးမည့်အချိန် ၁၇-၃-၂၀၁၈ |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်<br>ကျေးရွာမှ ထည့်ဝင်ငွေအား ဥစ္စာဓနအဆင့်အလိုက် ခွဲဝေချကာ ကောက်ခံသွားပါမည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ<br>လမ်းခင်းပြီးချိန်မှစ၍ ပြီးဆုံးချိန်အထိကျေးရွာအဖွဲ့အစည်းများမှ ထိန်းသိမ်းသွားမည် ဖြစ်ပါသည်။<br>ကျေးရွာသူ/သားများထံမှ အလှူခံ၍ လမ်းရည်ရှည်ကောင်းမွန်စေရန်နှင့် ပျက်စီးမှု လျော့နည်းစေရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ၊ ရပ်မိရပ်ဖများ ကျေးရွာသူ/သားများ ပူးပေါင်းထိန်းသိမ်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |

## ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

| ပြဿနာ | ဖြစ်ပွားရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းနိုင်သည့်နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| **စီမံအုပ်ချုပ်မှုဖွံ့ဖြိုးရေးစီမံချက်**<br>• အစုအဖွဲ့ဖြင့် စနစ်တ ကျ လုပ်ကိုင်ရာတွင် ပါဝင်ဆုံးဖြတ်ဆောင်ရွက်နိုင်သည့် အလေ့အထနှင့် စွမ်းရည် မရှိခြင်း။<br>• လက်ရှိအဖွဲ့များချိတ်ဆက်မှုအားနည်းခြင်း။<br>• အဖွဲ့အစည်းများ စွမ်းဆောင်ရည်အား နည်းသည်။ | • အစဉ်အလာအရ ခေါင်းဆောင်ဆုံးဖြတ်သည့် အတိုင်းလိုက်နာသည့် အကျင့်ပါနေခြင်း။<br>• လူတိုင်းမွေးရာပါလူစွမ်းရည်ရှိကြောင်းသတိမ ပြုမိကြခြင်း။<br>• လူစွမ်းရည်အပြည့်အဝအသုံးချခွင့်မရခြင်း။<br>• လူစွမ်းရည်မြင့်စေသည့်အခွင့်အလမ်းများမရှိခြင်း။ | • အချင်းချင်း ရင်းနှီးခင်မင်ကြခြင်း။ | • ဆင်းရဲသားများ စိုးရိမ်သိမ်ငယ်စိတ် ရှိခြင်း။ | • လူစွမ်းရည်နှင့်ဖွံ့ဖြိုးရေး သဘောတရား တို့ကိုအမြင်ဖွင့်ဟောပြောခြင်း<br>• ကျေးရွာအဖွဲ့အစည်းများစွမ်းရည်မြှင့်တင်ပြီးစု ပေါင်းဆုံးဖြတ်ချက်ချမှတ်မှု၊သတင်း အချက် အလက်ဖြန့်ဝေမှု၊ ပေါင်း စပ်ညှိနှိုင်းမှုစနစ်များပိုမိုကောင်းမွန် အောင် ဆောင် ရွက်ခြင်း | – အဖွဲ့အစည်းချိတ်ဆက်မှုသင်တန်း<br>– ခေါင်းဆောင်မှုသင်တန်း |
| **ကျန်းမာရေးဖွံ့ဖြိုးမှုစီမံချက်**<br>• ကျေးရွာတွင် မရှိမဖြစ်အိမ်သုံးဆေးဝါးများ လက်လှမ်းမမီနိုင်ကြပါ။ | • ကျေးရွာတွင်အိမ်သုံး ဆေးဆိုင်မရှိပါ။ | • အိမ်သုံးဆေးဝါးကျွမ်းကျင်သူ ကျေးရွာတွင် ရှိသည်။ | • အရင်းအနှီးမရှိပါ။ | • မြို့နယ်ဆရာဝန်ကြီး၏ နည်းပညာအကူအညီနှင့် ထောက်ခံသော အိမ်သုံးဆေးဝါးဆိုင်ထူထောင် ရန်။ | • မရှိမဖြစ်အိမ်သုံးဆေးဝါးဆိုင်ထူထောင်ခြင်း။ |

| ပြဿနာ | ဖြစ်ပွားရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းနိုင်သည့်နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| • သက်ကြီးရွယ်ကြီးများ ကျန်းမားရေးအား နည်းသည်။ ကျန်မာ ရေးကုန်ကျစရိတ်များ သည်။ | • ကျန်းမာရေးလိုက်စား ရန် ပစ္စည်းကရိယာမရှိ။ | • ကျန်းမားရေးလေ့ကျင့် ခန်းပြုလုပ်ရန် လူအများ စိတ်ဝင်စားမှုရှိသည်။<br>• လေ့ကျင့်ခန်းသုံးပစ္စည်း များ တပ်ဆင်ထားရန် နေ ရာရှိသည်။<br>• ပစ္စည်းအလွယ်တကူ ဝယ် ယူရရှိနိုင်သည်။ | • အရင်းအနှီးမရှိပါ။ | • အားကစားနှင့်ကျန်းမာ ရေးဦးစီးဌာနများနှင့် ဆက်သွယ် ဆောင်ရွက် ခြင်း | • ကျန်းမာရေးလေ့ကျင့်ခန်းသုံး ပစ္စည်းများ တပ်ဆင် ခြင်း။ |
| • ကိုယ်ဝန်ဆောင်အမျိုးသ မီးနှင့် ကလေးငယ် များ ကျန်းမာရေးစောင့် ရှောက် မှုလုံလောက်စွာ မရရှိ နိုင်ကြပါ။ | • ကျေးရွာတွင် ဆေးခန်း နှင့် သားဖွါးဆရာမ လည်းမရှိကြပါ။ | • ကျေးရွာတွင် သင်တန်း တက်ရောက်ရန် အရည်အ ချင်းပြည့်မီသူများရှိသည်။ | • သင်တန်းတက်ရောက် ရန် အဆက်အသွယ်မရှိ။ သင်တန်းကုန်ကျစရိတ် မတတ်နိုင်ကြပါ။ | • ကျေးလက်ဦးစီးဌာန မှ တဆင့် မြို့နယ်ကျန်းမာ ရေးဦးစီ ဌာနနှင့် ဆက် သွယ် ၍ နည်းပညာရ ယူခြင်း။ | • အရံသားဖွါးသင်တန်း<br>• လူထုကျန်းမာရေးအ သိ ပညာပေး သင်တန်း |
| **သောက်ရေနှင့်သန့်ရှင်းရေး ကဏ္ဍဖွံ့ဖြိုးမှုစီမံချက်**<br>• သန့်ရှင်းသော သောက် ရေလုံလောက်မှုမရှိ။ | • ကျေးရွာတွင် သောက်ရေ ထွက်များမရှိပါ။ | • မြေအောက်ရေရရှိနိုင် သည်။ | • အရင်းအနှီးမရှိပါ။<br>• နည်းပညာအားနည်း သည်။ | • ကျေးလက်ဦးစီးဌာန နှင့်ချိတ်ဆက်ဆောင် ရွက်ခြင်း။ | • သောက်ရေသန့် ရရှိရေး |
| **လမ်းတံတားဖွံ့ဖြိုးရေး စီမံချက်**<br>• ရွာတွင်းလမ်းမကောင်း ခြင်း/ပျက်စီးနေခြင်း | • မြေသားလမ်းဖြစ်နေ ခြင်း<br>• မိုးရာသီတွင်ရေနုတ်မြောင်းမရှိ၍မိုးရေစီးရေလာ မကောင်းခြင်း။<br>• လူအများစည်းကမ်းမဲ့ | • ကျေးရွာမှပူးပေါင်းပါဝင်မှု ရှိခြင်း<br>(ငွေ+လုပ်အား+ပစ္စည်း)<br>• ဒေသတွင်းကျင်း/ကျောက် /ဂဝံအလွယ် တကူရရှိ | • အရင်းနှီးမတက်နိုင် ခြင်း<br>• နည်းပညာအားနည်း ခြင်း | • ကျေးလက်ဦးစီး ဌာနနှင့် ချိတ်ဆက် အဆိုပြုတင်ပြခြင်း | • ကျေးရွာတွင်းလမ်း ပြုပြင် ခြင်း/ အဆင့်မြှင့်တင်ခြင်း |

| ပြဿနာ | ဖြစ်ပွားရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းနိုင်သည့်နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| | လမ်းမပေါ်အမှိုက်ပစ်ခြင်း။ | နိုင် ခြင်း | | | |
| • ရွာချင်းဆက်လမ်းမကောင်းခြင်း/ပျက်စီးနေခြင်း | • မြေသားလမ်းဖြစ်နေ ခြင်း<br>• မိုးရာသီတွင်ရေနုတ်မြောင်းမရှိ၍မိုးရေစီးရေလာမကောင်းခြင်း။ | • ကျေးရွာမှပူးပေါင်းပါဝင်မှုရှိခြင်း (ငွေ+လုပ်အား+ပစ္စည်း)<br>• ဒေသတွင်းကျင်း/ကျောက်/ဂဝံအလွယ် တကူရရှိ နိုင်ခြင်း | • အရင်းနှီးမတက်နိုင် ခြင်း<br>• နည်းပညာအားနည်းခြင်း | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်အဆိုပြုတင်ပြခြင်း | • ကျေးရွာချင်းဆက်လမ်း ပြုပြင်ခြင်း/အဆင့်မြှင့် တင်ခြင်း |
| • စိုက်ပျိုးရေး ထုတ်ကုန်များသယ်ယူရာတွင် ကုန်ကျစရိတ်မြင့်မား ခြင်း၊ အပျက်အစီး အလေအလွင့်များခြင်း၊ ဈေးကွက်သို့အချိန်မီပို့ဆောင်ရန်ခက်ခဲခြင်း | • ကျေးရွာကုန်ထုတ် လမ်းမကောင်းသော ကြောင့် စိုက်မွေးထုတ်ကုန်များသယ်ပို့ရာတွင် များစွာအခက်အခဲရှိသည်။ | • ကျေးရွာမှပူးပေါင်းပါဝင်မှုရှိခြင်း (ငွေ+လုပ်အား+ပစ္စည်း)<br>• ဒေသတွင်းကျင်း/ကျောက်/ဂဝံအလွယ် တကူရရှိ နိုင်ခြင်း | • အရင်းနှီးမတက်နိုင် ခြင်း<br>• နည်းပညာအားနည်းခြင်း | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်အဆိုပြုတင်ပြခြင်း | • ကျေးရွာချင်းဆက်လမ်း ပြုပြင်ခြင်း/အဆင့်မြှင့် တင်ခြင်း |
| • လက်ရှိတံတားမှာ ပျက်စီးနေသောကြောင့်သွားလာရန်ခက်ခဲသည်။ | • လက်ရှိတံတားမှာ ပျက်စီးနေသည်။ | • ကျေးရွာမှပူးပေါင်းပါဝင်မှုရှိခြင်း(ငွေ+လုပ်အား+ပစ္စည်း)<br>• ဒေသတွင်းကျင်း/ကျောက်/ဂဝံအလွယ် တကူရရှိ နိုင်ခြင်း<br>• ဒေသအတွင်းဆောက်လုပ်ရေးပစ္စည်များ အလွယ်တကူ ဝယ်ယူ ရရှိနိုင်သည်။ | • အရင်းနှီးမတက်နိုင် ခြင်း<br>• နည်းပညာအားနည်းခြင်း | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်အဆိုပြုတင်ပြခြင်း | • တံတားဆောက်လုပ်ခြင်း။ |
| • လက်ရှိလမ်းများပျက်စီးနေသည်။ | • ရေပြွန်မရှိသောကြောင့် ရေပိုရေလျှံများ ထွက်ပေါက် မရှိပါ။ | • ကျေးရွာမှပူးပေါင်းပါဝင်မှုရှိခြင်း(ငွေ+လုပ်အား+ပစ္စည်း) | • အရင်းနှီးမတက်နိုင် ခြင်း<br>• နည်းပညာအားနည်းခြင်း | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်အဆိုပြုတင်ပြခြင်း | • ရေပြွန်ဆောက်လုပ်ခြင်း။ |

| ပြဿနာ | ဖြစ်ပွားရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းနိုင်သည့်နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| | | • ဒေသတွင်းဂျင်း/ကျောက်/ဂဝံအလွယ် တကူရရှိ နိုင်ခြင်း<br>• ဒေသအတွင်းဆောက်လုပ်ရေးပစ္စည်များ အလွယ်တကူ ဝယ်ယူ ရရှိနိုင်သည်။ | | | |
| **လျပ်စစ်နှင့်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးမှုစီမံချက်**<br>• ကျေးရွာ၏ ပညာရေး၊ လူမှုရေး နိမ့်ကျလျက်ရှိသည်။ | • ကျေးရွာတွင် လျပ်စစ်မီးမရှိသောကြောင့် လူနေမှုနှင့် လူမှုရေးနိမ့်ကျလျက်ရှိသည်။ | • နိုင်ငံတော်လျပ်စစ်မီး လိုင်းမှာ ( ) အကွာအဝေးတွင်သာ ရှိသည်။<br>• ကျေးရွာမှပူးပေါင်းပါဝင်မှုရှိခြင်း(ငွေ+လုပ်အား+ပစ္စည်း) ထည့်ဝင်နိုင်သည်။ | • အရင်းနှီးမတက်နိုင် ခြင်း<br>• နည်းပညာအားနည်းခြင်း | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်အဆိုပြုတင်ပြခြင်း | • ကျေးရွာလျပ်စစ်မီးလင်း ရေး |
| • ကျေးရွာ၏ ပညာရေး၊ လူမှုရေး နိမ့်ကျလျက်ရှိသည်။ | • ကျေးရွာတွင် လျပ်စစ်မီးမရှိသောကြောင့် လူနေမှုနှင့် လူမှုရေးနိမ့်ကျလျက်ရှိသည်။ | • နိုင်ငံတော်လျပ်စစ်မီး လိုင်းနှင့် အလှမ်းကွာဝေး သည်။<br>• ကျေးရွာမှပူးပေါင်းပါဝင်မှုရှိခြင်း(ငွေ+လုပ်အား+ပစ္စည်း) ထည့်ဝင်နိုင်သည်။ | • အရင်းနှီးမတက်နိုင် ခြင်း<br>• နည်းပညာအားနည်းခြင်း | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်အဆိုပြုတင်ပြခြင်း | • ကျေးရွာဆိုလာမီးလင်း ရေး |
| **စိုက်ပျိုးရေးရရှိရေး ဖွံ့ဖြိုးမှုစီမံချက်**<br>• စိုက်ပျိုးရေးလုံလောက်မှုမရှိ။ | • ဆည်မြောင်း/ မိုး ရေလျှောင်ကန် များမရှိသောကြောင့် စိုက်ပျိုးရေးမရနိုင်ကြ ပါ။ | • တစ်နှစ်ပါတ်လုံးရေရရှိနိုင်သော ရေအရင်းအမြစ်ရှိသည်။ | • အရင်းနှီးမတက်နိုင် ခြင်း<br>• နည်းပညာအားနည်းခြင်း | • ကျေးလက်ဦးစီးဌာနမှတဆင့်မြို့နယ် စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည်ဖော် ရေးကော်မတီသို့ တင်ပြခြင်း | • ဆည်မြောင်းဆောက်လုပ် ခြင်း |

| ပြဿနာ | ဖြစ်ပွားရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းနိုင်သည့်နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| **စိုက်ပျိုးမြေ ဖွံ့ဖြိုးရေး စီမံချက်**<br>• မြေလွတ်မြေရိုင်းများ စွာရှိသော်လည်းစိုက် ပျိုးမြေလုံလောက်မှုမ ရှိ။ | • စိုက်ပျိုးမြေတိုးချဲ့ရန် လုပ်အားနှင့်ကုန်ကျစ ရိတ် မတတ်နိုင်ကြပါ။ | • ကျေးရွာတွင် မြေလွတ်၊ မြေရိုင်းမြောက်များစွာ ရှိသည်။ | • အရင်းနှီးနှင့် လုပ်အား မတက်နိုင်ကြပါ။ | • ကျေးလက်ဦးစီးဌာနမှ တဆင့် မြို့နယ်စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မ တီသို့ တင်ပြခြင်း | • စိုက်ပျိုးမြေချဲ့ထွင်ခြင်း |
| **သီးနှံအထွက်တိုး ဖွံ့ဖြိုးမှု စီမံချက်**<br>• အချိန်မီထွန် ယက် စိုက်ပျိုးနိုင်ခြင်း မရှိ။ သီးနှံအထွက်နှုန်းနည်းသည်။ | • ခိုင်းကျွဲ၊ ခိုင်းနွားနှင့် လယ်ယာသုံးစက်ကရိ ယာလုံ လောက်မှုမရှိ သောကြောင့် အချိန်မီ ထွန်ယက် စိုက်ပျိုးနိုင် ခြင်းမရှိ။ | • ခိုင်းကျွဲ၊ ခိုင်းနွားများကို ဒေသအတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။<br>• ခိုင်းကျွဲ၊ ခိုင်းနွားများနှင့် လုပ်ငန်းရင်းနှီးကျွမ်းဝင်မှုရှိသည်။<br>• လယ်ယာသုံးစက်ကရိယာ ရောင်းချသောကုမ္ပဏီများ ဒေသအတွင်း ရှိသည်။ | • အရင်းနှီး မတက်နိုင်ကြပါ။<br>• အရစ်ကျဝယ်ယူနိုင်ရန် အဆက်အသွယ်မရှိပါ။<br>• အရစ်ကျဝယ်ယူရန် လယ် ယာမြေပိုင်ဆိုင်မှု ပုံစံ (၇) လိုအပ်သည်။ | • ကျေးလက်ဦးစီးဌာနမှ တဆင့် မြို့နယ်စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မ တီသို့ တင်ပြခြင်း။<br>• ပုဂ္ဂလိကဘဏ်၊ အစိုးရ ဘဏ်များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း။ | • ခိုင်းကျွဲ၊ ခိုင်းနွားထူထောင်ခြင်း။<br>• လယ်ယာသုံးစက်ကရိ ယာအရစ်ကျ ရောင်းချ/ဝယ်ယူခြင်း/ချိတ်ဆက် ဆောင်ရွက်ခြင်း၊ |
| • နှစ်ရှည်ပင် စိုက်ပျိုးနိုင်မှုနှင့် ထုတ်လုပ်မှု နည်းသည်။ | • နှစ်ရှည်ပင်စိုက်ဧက နည်းသည်။ | • တန်ဖိုးရှိ နှစ်ရှည်ပင်စိုက်ပျိုးရန် သင့်တော်သော ရေမြေရာသီဥတုရှိသည်။ | • အရင်းနှီး မတက်နိုင်ကြပါ။<br>• နည်းပညာကျွမ်းကျင်မှု အားနည်းသည်။ | • ကျေးလက်ဦးစီးဌာနမှတဆင့် မြို့နယ်စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး | • နှစ်ရှည်ပင်စိုက်ပျိုးခြင်း |

| ပြဿနာ | ဖြစ်ပွားရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းနိုင်သည့်နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| | | | | ကော်မ တီသို့ တင်ပြခြင်း<br>• ဝန်ဆောင်မှုပြည့်ဝစွာ ရ ရန်စိုက်ပျိုးရေး ဌာနနှင့် ပုဂ္ဂလိက အဖွဲ့အစည်း များ အားချိတ်ဆက် ဆောင်ရွက်။ | |
| • မျိုးကောင်းမျိုးသန့် မစိုက်ကြခြင်း။<br>• လက်ရှိစိုက်ပျိုးနေ သောသီးနှံများမှာဈေး ကောင်းမရ။ ဝင်ငွေ နည်းသည်။ | •မျိုးထိမ်းမျိုးချန်ရန်အသိမ ရှိခြင်း။<br>•ဆင်းရဲ၊ မဝယ်နိုင်၊ မဝယ် ချင်ကြပါ။<br>•မျိုးသန့်ပွားနည်းပညာ မ သိရှိခြင်း<br>•ရောင်းသည့် ဆိုင်မရှိ။ | • တောင်သူများမှ မျိုး ကောင်းမျိုးသန့် စိုက်ပျိုး ရန် စိတ်ဝင်စားမှု ရှိသည်။<br>• မျိုးကောင်းမျိုးသန့်များ ကို ဒေသအတွင်း ဝယ်ယူ ရရှိနိုင်သည်။<br>• မြန်မာ့စိုက်ပျိုးရေးဦးစီး ဌာနနှင့် စိုက်ပျိုးရေးကုမ္ပဏီများ ရှိသည်။ ၄င်းတို့မှ တဆင့် မျိုးကောင်းမျိုး သန့် များ ရရှိနိုင်သည်။ | • အရင်းအနှီးမတတ်နိုင်ပါ ။<br>• နည်းပညာအားနည်း သည်။ | • ကျေးလက်ဦးစီးဌာ နမှ တဆင့် မြို့နယ် စီမံကိန်း ရေးဆွဲရေး နှင့်အကောင် အထည်ဖော်ရေး ကော်မ တီ သို့ တင်ပြခြင်း။<br>• စိုက်ပျိုးရေးဌာနနှင့် ချိတ် ဆက် ဆောင်ရွက်ခြင်း | • မျိုးကောင်းမျိုးသန့် စု ပေါင်း ဝယ်ယူရန် စီစဉ်ဆောင်ရွက်ခြင်း<br>• မျိုးကောင်းမျိုးသန့် ရွေးချယ်နည်းသင် တန်း |
| **စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးမှုစီမံချက်**<br>• စိုက်ပျိုးသီးနှံများ ရောဂါပိုးမွှား ကျရောက် ပျက်စီးမှုများသည်။ ထိရောက်စွာ ကာကွယ် နှိမ်နှင်းနိုင်ခြင်းမရှိ။ | • သဘာဝအရရောဂါပိုးမွှား ကျနိုင်သည့်အခြေအ နေ များပေါင်းဆုံဖြစ်ပေါ် ခြင်း<br>• ပိုးသတ်ဆေးများကို စ နစ်တကျ သုံးစွဲတတ် ခြင်းမရှိ။ | • စိုက်ပျိုးရေးဌာနရှိ ခြင်း။<br>• စိုက်ပျိုးရေးကုမ္ပဏီ များရှိ ခြင်း။ | • စိုက်ပျိုးရေးဌာနတွင် ကွင်းဆင်းဝန်ထမ်း နည်း ခြင်း<br>• ကုမ္ပဏီများ မိမိဆေး ရောင်းရရေးသာ အလေး ထားခြင်း | • သက်ဆိုင်ရာကျွမ်း ကျင် သူများထံမှ နည်းပညာ အကူအညီ ရယူခြင်း<br>• ဝန်ဆောင်မှုပြည့်ဝစွာ ရ ရန်စိုက်ပျိုးရေး ဌာနနှင့် ပုဂ္ဂလိက | • ဘက်စုံပိုးမွှားရောဂါ ကာ ကွယ်နှိမ်နှင်း နည်း သင် တန်း |

| ပြဿနာ | ဖြစ်ပွားရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းနိုင်သည့် နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| | | | | အဖွဲ့အစည်း များ အားချိတ်ဆက် ဆောင်ရွက်။ | |
| • သဘာဝမြေဆွေးနှင့် သဘာဝပိုးသတ်ဆေး များ ထုတ်လုပ်သုံးစွဲနိုင် ခြင်းမရှိသောကြောင့် ခါတုပိုးသတ်ဆေးများ ကို အသုံးပြုကြရသ ဖြင့် ကုန်ကျစရိတ်များ ပြီး ဘေးထွက် ဆိုးကျိုး များကို ခံစားနေကြရ သည်။ | • နည်းပညာ ဗဟုသုတ နည်းသည်။ | • ဒေသအတွင်းသဘာဝ မြေ ဆွေးနှင့် ပိုးသတ်ဆေး ထုတ်လုပ်ရန် ကုန်ကြမ်း ပစ္စည်းအလုံ အလောက်ရှိ သည်။ အလွယ်တကူရရှိ နိုင်သည်။ | • နည်းပညာရရှိနိုင်ရန် အ ဆက်အသွယ်မရှိ။ သင် တန်းကုန်ကျစရိတ်လ ည်း မတတ်နိုင်ပါ။ | • | • သဘာဝမြေဆွေးပြု လုပ်/ အသုံးပြုနည်း သင်တန်း<br>• သဘာဝပိုးသတ်ဆေး ထုတ်လုပ်/အသုံးပြု နည်းသင်တန်း<br>• မြေဆီလွှာပြုပြင် ထိန်းသိန်းနည်းသင် တန်း |
| • တောင်ယာမြေများ မြေ ဆီဩဇာညံ့လာသည်။ | • မြေဆီလွှာတိုက်စားခြင်း ကြောင့်ဖြစ်သည်။ | • တောင်စောင်းစိုက်ပျိုးမြေ များစွာရှိသည်။ | • နည်းစနစ်ကျ စိုက်ပျိုး နိုင်ခြင်းမရှိ။<br>• နည်းပညာအားနည်း သည်။ | • စိုက်ပျိုးရေးဌာနမှ တဆင့် နည်းပညာများရ ယူခြင်း | • ခေတ်မီတောင်စောင်း စိုက်ပျိုးနည်းသင် တန်း |
| **မွေးမြူရေးကဏ္ဍဖွံ့ဖြိုးမှု စီမံချက်**<br>• ရာသီရောဂါ ဆိုးရွားစွာ ကျရောက်လေ့ရှိသော ကြောင့် ဆုံးရှုံးမှုများစွာ ရှိသည်။ | • နည်းပညာဝန်ဆောင်မှု မရကြပါ။ | • အိမ်မွေးတိရစ္ဆာန်ကို မိသားစုဝင်ငွေအတွက် မွေးမြူကြသည်။<br>• နည်းပညာသင်ယူရန် အရည်အချင်းရှိသူအချို့ ကျေးရွာတွင် ရှိသည်။ | • နည်းပညာသင်တန်း တက် ရောက်ရန် ကုန်ကျစရိတ် နှင့် အချိန်မတတ်နိုင်ကြ ပါ။ | • ကျေးလက်ဦးစီးဌာနမှ တဆင့် တိမွေးကု ဦးစီး ဌာ နနှင့် ဆက်သွယ် အကူအညီရယူခြင်း။ | ▪ တိမွေးကုသင်တန်း |
| **ဘဏ်နှင့်ငွေကြေးကဏ္ဍ ဖွံ့ဖြိုးမှုစီမံချက်**<br>• စီးပွားရေး၊လူမှုရေးနှင့် | • အစိုးရဌာနချေးငွေများ တွင် | • ချေးငွေလိုအပ်သူ များ | • ငွေစုငွေချေးအဖွဲ့များနှင့် | • လုပ်ငန်းအလိုက် အစု | ▪ ဘဏ်များ၊ငွေကြေး |

| ပြဿနာ | ဖြစ်ပွားရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းနိုင်သည့်နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| အရေးပေါ်ကိစ္စများအတွက်ချေးငွေရရှိနိုင်မှုခက်ခဲခြင်း။ | ကန့်သတ်ချက်များသဖြင့်အဆင်မပြေ။<br>• ပုဂ္ဂလိကဘဏ်များ အာမခံမပါလျှင် မချေး။<br>• အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့များ ရှာတိုင်း မရောက်။ | စွာရှိသည်။ | ဆက်သွယ်နိုင်မှုအားနည်းနေသေးခြင်း။<br>• လက်ရှိချေးငွေမူဝါဒများမှာ တောင်သူများနှင့် ကိုက်ညီမှု အားနည်းနေသေးခြင်း။ | အ ဖွဲ့များ ခိုင်မာစွာဖြစ်ပေါ် လာစေရန် ဆောင်ရွက်ပြီး အစု အဖွဲ့စနစ် ဖြင့် ဘဏ် နှင့်ငွေကြေးဝန်ဆောင်မှု ပေးသည့် အဖွဲ့အစည်း များနှင့် ဆက်သွယ်ခြင်း၊<br>• ပြင်ပငွေကြေးအဖွဲ့ အစည်းများ၊ ဘဏ်များနှင့် ကျေးရွာရှိလုပ်ငန်းအခြေ ပြုအစုအဖွဲ့များချိတ်ဆက်နိုင်ရေး စီစဉ် ဆက်သွယ်တင်ပြခြင်း၊ | ဝန်ဆောင်မှုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်စီစဉ်ခြင်း၊<br>– လုပ်ငန်းအလိုက်ကျစ်လစ် ခိုင်မာ သည့်ငွေကြေးဆိုင်ရာအစုအဖွဲ့များ ဖွဲ့စည်းပြု စုပျိုးထောင်ပေးခြင်း၊<br>– ဤအဖွဲ့အများနှင့် ဘဏ် များ၊ ပုဂ္ဂလိက လုပ်ငန်းရှင် များ၊ ပြင်ပ ငွေကြေး အဖွဲ့အစည်းများနှင့် ချိတ်ဆက် နိုင်မည့် မူဝါဒ နှင့်လုပ်ထုံးလုပ်နည်းများ ဆိုင်ရာပံ့ပိုးမှုများတောင်း ခံခြင်း၊<br>– အကျိုးတူကန်ထရိုက်စနစ်ဖြင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန်မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများ ဆိုင်ရာ ပံ့ပိုးမှု များတောင်းခံခြင်း၊<br>– လက်ရှိအစိုးရဌာနများမှထုတ်ချေးနေသည့် ချေးငွေများပိုမိုထိရောက် |

| ပြဿနာ | ဖြစ်ပွားရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းနိုင်သည့်နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| | | | | | သွက် လက်စေရန် တင် ပြ တောင်းဆိုခြင်း၊<br>– ငွေစုငွေချေးလုပ်ငန်း ထူ ထောင်ခြင်း |
| **လူငယ်ကဏ္ဍဖွံ့ဖြိုးမှု စီမံချက်**<br>• လူငယ်များ အားကစား ထူးချွန်မှုအားနည်း သည်။<br>• ကိုယ်ကာယ ကြံခိုင်မှု အား နည်းခြင်း။ | • အားကစားကွင်းနှင့် အားကစားပစ္စည်းများ မရှိခြင်း | • အားကစားကွင်းဖေါက် လုပ်ရန် ကျေးရွာအများ ပိုင် မြေနေရာရှိသည်။<br>• လူငယ်များ အားကစား ကို စိတ်ဝင်စားမှုရှိသည်။ | • အရင်းအနှီးမရှိ။<br>• ကျွမ်းကျင်မှုမရှိ။ | • ကျေးလက်ဦးစီးဌာနမှ တဆင့် မြို့နယ် စီမံကိန်း ရေးဆွဲရေး နှင့် အကောင်အထည်ဖေါ်ရေး ကော်မ တီသို့ တင်ပြခြင်း။<br>• မြို့နယ်အားကစား နှင့်ကျန်းမာရေးဦးစီးဌာန များနှင့် ချိတ်ဆက်အကူ အညီရယူခြင်း။<br>• ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်အကူအညီ တောင်းခံခြင်း။ | • အားကစားကွင်းနှင့် အား ကစားပစ္စည်းများပံ့ပိုးပေး ခြင်း။ |
| • လူငယ်များ ပြင်ပဗဟု သုတနည်းပါးသည်။ | • လူငယ်များစာဖတ်နည်းပြီး ဖေ့စ်ဘုတ်ဖြင့် အချိန်ကုန်နေကြသည်။<br>• လက်ရှိစာကြည့်တိုက်များ မှာလည်း လူငယ်များ | • စာပေဟောပြောသော စာရေးဆရာများရှိသည်။<br>• ခေတ်မီစာပေမျိုးစုံကို အင်တာနက်မှ အလွယ်တကူ ရှာဖွေ ဖတ်ရှုနိုင် သည်။ | • အရင်းအနှီးကုန်ကျစရိတ် မတတ်နိုင်ကြပါ။<br>• အဆက်အသွယ်မရှိပါ။<br>• နည်းပညာအားနည်းသည်။ | • တိုင်းဒေသကြီးလူငယ် ဖိုရမ်များနှင့် ချိတ်ဆက် ခြင်း | • စာပေဟောပြောပွဲ ကျင်းပခြင်း<br>• ခေတ်မီအင်တာနက် စာ ကြည့်တိုက် ထူထောင် ခြင်း။ |

| ပြဿနာ | ဖြစ်ပွားရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းနိုင်သည့်နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| | စီတ်ဝင်စားသော စာအုပ်များ ပြည့်စုံလုံလောက်မှု မရှိခြင်း။ | | | | |
| • လူငယ်များ အလုပ်အကိုင် ရှားပါးသည်။ အသက်မွေးလုပ်ငန်းကျွမ်းကျင်မှုနည်းသည်။ | • အ သက်မွေးလုပ်ငန်းကျွမ်း ကျင်မှုနည်းသည်။ | • လူငယ်များအသက်မွေးဝမ်းပညာ ကို စိတ်ဝင်စားကြသည်။ | • သင်တန်းကုန်ကျစရိတ်နှင့် အချိန်ပေးရန် မတတ် နိုင်၊ | • ကျေးလက်ဦးစီးဌာနမှ တဆင့် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီထံတင်ပြခြင်း | • အင်္ဂလိပ်စကားပြောသင်တန်း |
| • လူငယ်များ လုံခြုံမှုနည်းလာသည်။ | • မူးယစ်ဆေးသုံးစွဲသူများ လာသည်။<br>• လူကုန်ကူ ခံရမှုများ ရှိလာသည်။<br>• အမျိုးသမီးများ မုဒိမ်းကျင့်ခံရမှုများ ရှိလာသည်။ ယဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်မှုအားနည်းသဖြင့် ယဉ်တိုက်မှု မတော်တဆမှုများလာ သည်။ | • ကျေးရွာအတွင်း မိမိတို့အသိစိတ်ဓါတ်ဖြင့် ကျေးရွာကာကွယ်ရေးကို ပါဝင်ဆောင်ရွက်လိုကြသည်။<br>• လုံခြုံရေးအရေးကြီးကြောင်း သတိမူလာကြသည်။ အစိုးရဌာနများ မှာ အသိပညာပေးပြု လုပ်နေသည်။ | • မိမိတို့ကျေးရွာလုံခြုံရေးကိုတရားဝင်ဆောင်ရွက်ခွင့် မရှိသေးသောကြောင့် မိမိ လုံခြုံရေးကို ပြန်လည်စိတ်ပူနေကြသည်။<br>• အစိုးရဌာနများ မှာ အသိပညာပေးပြုလုပ်သော်လည်းထိရောက်မှုအားနည်းသည်။ | • ပြင်ပဖွံ့ဖြိုးရေးအဖွဲ့များ ဖြင့် ချိတ်ဆက်အကူအ ညီတောင်းခံခြင်း။<br>• လွတ်တော်အတွင်းတင်ပြဆွေးနွေးခြင်း။ | • အမျိုးသမီးနှင့်ကလေးငယ်များ ကာကွယ်စောင့် ရှောက်နည်းသင်တန်း |
| **သဘာဝဘေးလျော့ချမှုကဏ္ဍဖွံ့ဖြိုးမှုစီမံချက်**<br>• ကျေးရွာအနီးသစ်တောများ တဖြည်းဖြည်းပြုန်းတီးလာသည်။ | • ကျေးရွာပိုင်သစ်တော စည်းကမ်းထိန်းသိမ်းနိုင်မှုအားနည်းသည်။ | • ကျေးရွာမှ သစ်တောထိန်းသိမ်းရန်အရေးကြီးကြောင်းသတိမူမိကြသည်။ | • စည်းကမ်းထိန်းသိမ်းမှုအားနည်းသည်။ | • သစ်တောဦးစီးဌာနနှင့် ချိတ်ဆက်၍ သစ်တော ပြန်လည်စိုက်ပျိုးခြင်း | • လူထုထင်းစိုက်ခင်းထူထောင်ခြင်း<br>• ပုဂ္ဂလိက ကျွန်းစိုက်ခင်း ထူထောင်ခြင်း |

| ပြဿနာ | ဖြစ်ပွားရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းနိုင်သည့်နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဖွံ့ဖြိုးမှုစီမံချက်**<br>• ကျေးရွာအတွင်းအမှိုက်သရိုက်များပိုမိုများပြားလာပြီး ကျန်းမာရေးကို ထိခိုက်မှု ရှိလာသည်။ | • စည်းကမ်းမဲ့ အမှိုက်များကို စွန့်ပစ်ခြင်းနှင့်အမှိုက်သိမ်းစနစ်မရှိခြင်း။ | • အမှိုက်၏ ဆိုးကျိုးကို လူအများမှ ဂရုမူမိလာကြသည်။ | • ထိန်းသိမ်းမည့်အစီအစဉ်မရှိသေးပါ။ | | • ကျေးရွာအမှိုက်ပုံးထား ခြင်းနှင့် အမှိုက်သိမ်းယဉ် ထူထောင်ခြင်း။ |
| **မူဝါဒများကဏ္ဍဖွံ့ဖြိုးမှုစီမံချက်**<br>• ကျေးရွာမှ စိုက်/မွေး ထုတ်ကုန်များ ဈေး ကောင်းမရရှိ။ | • ကုန်သည် ပွဲစားများ နှင့် သားသတ်လိုင်စင်၏ ခေါင်းပုံ ဖြတ်ခံကြရ သည်။<br>• အလေးတင်းတောင်းမှန်ကန်စွာ ရောင်းချနိုင်ခြင်းမရှိ။ | • ကျေးရွာမှ လတ်ဆတ်သော စိုက်/မွေး ထုတ်ကုန်များရှိသည်။ | • မိမိတို့ကျေးရွာတွင်ရောင်း ချရန်နေရာသီးသန့်သတ် မှတ်နေရာမရှိ။<br>• ကုန်သည် ပွဲစားများ အလေးတင်းတောင်းမှန်ကန်မှုမရှိ။ | • ကျေးလက်ဦးစီးဌာနမှ တဆင့် မြို့နယ်စီမံကိန်း ရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီသို့ တင်ပြခြင်း။ | • ဈေးကွက်တည်ငြိမ်ရေး နှင့် အလေးတင်းတောင်း မှန်ကန်မှုရှိရေး အစိုးရမှ ကြပ်မတ်ပေးရန်။ |
| ဆရာ/ဆရာမ ဖွဲ့စည်းပုံအရလုံလောက်မှုမရှိ။ | • ဝန်ထမ်းများအချိန်မီခန့်ထားခြင်းမရှိ/တာဝန်ကျဆရာ/ဆရာမများလာရောက်တာဝန်ထမ်းဆောင်ခြင်းမရှိ။ | • ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အားရှိသည်။<br>• မိမိကျေးရွာတွင် အရည်အချင်းပြည့်မီသူများရှိသည်။ | • မိမိကျေးရွာတွင် အရည်အချင်းပြည့်မီသူများ အဆက်အသွယ်မရှိ။ | • မြို့နယ်ပညာရေးဦးစီးဌာနသို့တင်ပြခြင်း။<br>• တာဝန်ကျဝန်ထမ်းများ မိမိတာဝန်ကျနေရာတွင်တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိ။ | • ပညာရေးဌာနဆရာ/ ဆရာမ လစ်လပ်နေရာများတွင် ဒေသခံများ အား ဦးစားပေးခန့်ထားပေးရန်။ |
| အမျိုးသမီးများ လုပ်အားခမှာ အမျိုးသားများ ထက် | • ကျားမခွဲခြားမှု အနည်းငယ်ရှိသည် | • အမျိုးသမီးနှင့် အမျိုးသားများ အလုပ်အမျိုးအ | • ဥပဒေအရ ပြဋ္ဌာန်းထားခြင်းမရှိ၊ ကာ | • လွတ်တော်သို့ တင်ပြ ခြင်း။ | • ကျား/မလုပ်အားခတန်း တူရှိရေး။ |

| ပြဿနာ | ဖြစ်ပွားရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းနိုင်သည့်နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| နည်းသည်။ | | စားတူ၊ အလုပ်ချိန်တူ၊ ပင်ပန်းမှု အတူလုပ်ကိုင်နိုင်ကြသည်။ | ကွယ် ထားခြင်းမရှိ။ | | |
| ဆရာ/ဆရာမ ဖွဲ့စည်းပုံအရလုံလောက်မှုမရှိ။ | • ဝန်ထမ်းများအချိန်မီခန့်ထားခြင်းမရှိ/တာဝန်ကျဆရာ/ဆရာမများလာရောက်တာဝန်ထမ်းဆောင်ခြင်းမရှိ။ | • ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အားရှိသည်။<br>• မိမိကျေးရွာတွင် အရည်အချင်းပြည့်မီသူများရှိသည်။ | • မိမိကျေးရွာတွင် အရည်အချင်းပြည့်မီသူများ အဆက်အသွယ်မရှိ။ | • မြို့နယ်ပညာရေးဦးစီး ဌာနသို့ တင်ပြခြင်း။<br>• တာဝန်ကျဝန်ထမ်းများ မိမိတာဝန်ကျနေရာတွင် တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိ။ | • လစ်လပ်နေရာများတွင် ဒေသခံများအားဦးစားပေးခန့်ထားပေးရန်။ |